[illegible]
**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဩဂုတ်လ ၁၆ ရက်၊ ၂၀၂၃ ခုနှစ်

**ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၁၃ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်**
**ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း**

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - ဇူလိုင်လ ၃၀ ရက်၊ ၂၀၂၃ | ဇူလိုင်လ ၃၁ ရက်မှ ဩဂုတ်လ ၁၃ ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၀၆ | ၁ | ၄၀၇ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၅၁ | ၁ | ၄၅၂ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၇ | | ၁၆၇ |
| | ဒီးမော့ဆိုမြို့နယ် | ၆၀၄ | ၄ | ၆၀၈ |
| | မယ်စဲ့မြို့နယ် | ၂၈ | ၃ | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၅၆ | | ၃၅၆ |
| | ဖရူဆိုမြို့နယ် | ၇၈ | ၅ | ၈၃ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |

| | | | | |
|---|---|---|---|---|
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဇွန်လ ၄ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် ဇွန်လ ၅ ရက် – ဇွန်လ ၁၈ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၃၂၆၁၅** |

စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇွန်လိုင်လ(၃၁)ရက်မှ ဩဂုတ်လ(၁၃)ရက်၊ ၂၀၂၃ခုနှစ်



**စစ်ကောင်စီတပ်မှ မယ်စဲ့၊ ဖရူဆို၊ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အရပ်သား ဧရိယာအတွင်းသို့ လေကြောင်းအပြင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း**

လွန်ခဲ့သောနှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် စစ်အင်အားရာနှင့်ချီကာ ဖြည့်တင်းလာမှုများ လုပ်ဆောင်ပြီး မိုးဗြဲမှ ဖရူဆိုမြို့နယ်အတွင်း အဓိကလမ်းမကြီးအား ထိန်းချုပ်နိုင်ရန်အပြင် မယ်စဲ့မြို့နယ်အား ပြန်လည်ထိန်းချုပ်နိုင်ရန် လုပ်ဆောင်ခဲ့သော်လည်း ကရင်နီပူးပေါင်းတပ်ဖွဲ့များ၏ ပြင်းထန်သော တိုက်ခိုက်ခြင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ စစ်ကောင်စီတပ်များမှ မယ်စဲ့၊ ဖရူဆိုနှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် ရှိသော အရပ်သားများ ရှိရာသို့ လေကြောင်းအပြင် လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်နေမှုများ ပြုလုပ်ခဲ့သည်။

ဩဂုတ်လ၂ ရက်၊ ဒီးမော့ဆို-ဖရူဆိုလမ်းမကြီးတွင် စစ်ကောင်စီတပ် တပ်မ -၅၅၊ တပ်မ ၆၆၊ တပ်မ ၇၇ တို့သည် ဖရူဆိုမြို့ဘက်သို့ဦးတည်ကာ စစ်ကြောင်းထိုးလာသည့်အတွက် ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် တိုက်ပွဲများ ပြင်းထန်ခဲ့ပါသည်။ တိုက်ပွဲအတွင်း ကရင်နီတပ်မတော်မှ ဒု-ဗိုလ် ခူးလီးရယ် ကျဆုံးသွားခဲ့သည်။ ထိုကဲ့သို့ တိုက်ပွဲပြင်းထန်နေမှုကြောင့် ၎င်းလမ်းမကြီးအား ဖြတ်သန်း သွားလာခြင်းမပြုရန် KNDFမှ ထုတ်ပြန်ထား ပါသည်။

ဩဂုတ်လ၃ ရက်၊ လူငယ်တစ်ဦးသည် လွိုင်ကော်မြို့နယ်၊ ထေး၌းလျားရွာ စစ်ဆေးရေးဂိတ်၌ စစ်ကောင်စီတပ်၏ ပစ်ခတ်သတ်ဖြစ်ခြင်းကို ခံခဲ့ရပါသည်။

ဩဂုတ်လ ၅ ရက်၊ ဒီးမော့ဆိုမြို့နယ် သဲတောင်တွင် စစ်ကြောင်းသုံးကြောင့်ဖြင့် စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ ထိုတရက်တည်းတွင် မယ်စဲ့မြို့နယ်၊ ကျောက်စူးကျေးရွာ၌ အင်အား (၂၀၀)ခန့်ရှိသည့် စစ်ကောင်စီတပ်နှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲတွင် စစ်ကောင်စီတပ်၏ လက်နက်ခဲယမ်းအချို့အား ကရင်နီပူးပေါင်း တပ်ဖွဲ့များမှ သိမ်းဆီးရမိပြီး စစ်ကောင်စီ တပ်သားအချို့ ထိခိုက်သေဆုံးမှုများလည်း ရှိခဲ့ပါသည်။ ထိုတိုက်ပွဲ အတွင်း ကရင်နီပူးပေါင်းတပ်ဖွဲ့များဖြစ်သော ကလလတမှ ရဲဘော် နှစ်ဦးကျဆုံးကာ ငါးဦးထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။ ထို့အပြင် တိုက်ပွဲဖြစ်ပွားနေသော အနီးကျေးရွာများသို့ စစ်ကောင်စီမှ လေကြောင်းဖြင့် ခြောက်ကြိမ် ဗုံးကြဲတိုက်ခိုက်သည့်အပြင် လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုများကြောင့် နေအိမ်အချို့ ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။

ဩဂုတ်လ ၈ ရက်၊ ဖရူဆိုမြို့နယ်၊ ထီးပေါ်ဆိုကျေးရွာအနီးတွင် အမျိုးသားတစ်ဦး နွားကျောင်းနေစဉ် စစ်ကောင်စီတပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျရောက်ပေါက်ကွဲခြင်းကြောင့် ဝမ်းဗိုက်တွင် ထိခိုက် ဒဏ်ရာ ရရှိခဲ့ပါသည်။

ဩဂုတ်လ၉ ရက်၊ လွိုင်ကော်မြို့၊ နန့်ကွန့်ကျေးရွာအနီးတွင် စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုးခြင်း၊ စစ်ယာဉ်တန်းများဖြည့်တင်းခြင်းများ လုပ်ဆောင်ခဲ့ပြီး နံနက်ပိုင်းတွင် KA, KNDF တပ်ဖွဲ့တို့နှင့် တိုက်ပွဲဖြစ်ပွား ခဲ့ပါသည်။ ၎င်းတိုက်ပွဲတွင် စစ်ကောင်စီတပ်မှ တပ်ကြပ်ကြီးနှင့် တပ်ကြပ်အပါအဝင် စုစုပေါင်း (၁၁)ဦးသေဆုံး ခဲ့ပြီး (၁၂)ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထိုတရက်တည်းတွင် ကရင်နီပြည်နယ် ဖရူဆိုမြို့နယ်၊ ကဒါးလား

ကျေးရွာတွင် စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း ကရင်နီအမျိုးသားများကာကွယ်ရေးတပ် တပ်ရင်းအမှတ် (၄)မှ ရဲဘော်တစ်ဦး ကျဆုံးသွားခဲ့သည်။



စကစ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ထီးသော်ကူး ဘုရားကျောင်း၊ ဖရူဆိုမြို့နယ်



လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ပျက်စီးသွားသော အဆောက်အဦးများ ဒီးမော့ဆို

သြဂုတ်လ ၁၀ ရက်၊ နေ့လည် ၂ နာရီအချိန်တွင် စစ်ကောင်စီမှ ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားနေသော သဲတောင်အနီး လေယာဉ်ဖြင့် နှစ်ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ညနေ ၄နာရီ ၁၅ မိနစ်အချိန်တွင်လည်း ထပ်မံပြီး ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် အဆောက်အဦးများ ထိခိုက်ပျက်စီးမှုများ ရှိသည်။

သြဂုတ်လ ၁၂ ရက်၊ ဖရူဆိုမြို့နယ် ထီးသော်ကူးကျေးရွာအနီးတွင် ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား ညနေ ၆ နာရီအချိန်မှ စပြီး တစ်နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေချိန် စစ်ကောင်စီတပ်များမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများအပြင် လက်နက်ကြီးများဖြင့် အဆက်အပြတ် ပစ်ခတ်ခဲ့သည့်အတွက် ထီးသော်ကူးကျေးရွာရှိ ဘုရားကျောင်း၊ မူကြိုကျောင်းအပြင် နေအိမ်အချို့ ထိမှန်ပျက်စီးသွားခဲ့သည်။

သြဂုတ်လ ၁၃ ရက်၊ ကရင်နီတပ်မတော်မှ ရှေ့တန်းတပ်စခန်းတွင်ရှိသော စစ်ကောင်စီတပ်၏ ရိက္ခာဂိုဒေါင်တစ်ခုအား ဝင်ရောက်တိုက်ခိုက်ပြီး စစ်ကောင်စီတပ် ၅ ဦးသေဆုံးကာ လက်နက်ခဲယမ်း အချို့ကိုလည်း သိမ်းဆည်းရမိသည်။ ထို့သို့တိုက်ခိုက်ခံရပြီးသည့် နောက်ပိုင်း စစ်ကောင်စီတပ်များမှ ကရင်နီတပ်မတော်၏ တပ်စခန်းတခုအား လေယာဉ်ဖြင့် နံနက် ၃ နာရီ ၁၂ မိနစ်အချိန်တွင်တစ်လုံး ၃ နာရီ ၁၇ မိနစ်အချိန်တွင် နောက်ထပ်တစ်လုံးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။


**Contact persons:**

Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608

Website : www.karennicsn.org

Facebook: https://www.facebook.com/kcsnengbur

Email: kcsn2010@gmail.com